**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၂၂၈ / ၂၀၂၃

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်

( ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက် )

**မြန်မာနိုင်ငံအတွင်းတရားမဝင် ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေးဗဟိုကော်မတီဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံအတွင်းတရားမဝင် ဝင်ရောက်လာသော နိုင်ငံခြားသားများအား ဖမ်းဆီးရမိမှုအပေါ် ဥပဒေနှင့်အညီစိစစ်နိုင်ရေး၊ အမြန်ဆုံးတရားစွဲဆိုနိုင်ရေး၊ အရေးယူဆောင်ရွက်နိုင်ရေးနှင့် သက်ဆိုင်ရာနိုင်ငံသို့ ပြည်နှင်ကြီးကြပ်ဆောင်ရွက်နိုင်ရန် **"မြန်မာနိုင်ငံအတွင်းတရားမဝင် ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီအမြန်ဆုံးအရေးယူ ပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေးဗဟိုကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ ( ၁ ) |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ ( ၂ ) |
| (ဃ) | သက်ဆိုင်ရာဝန်ကြီးချုပ်<br>တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဈ) | ဒုတိယတိုင်းမှူး<br>သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး၊ ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၁) |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၂) |

၂။ မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီအမြန်ဆုံး အရေးယူပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား တည်ဆဲဥပဒေအရ အရေးယူခြင်း၊ သက်ဆိုင်ရာနိုင်ငံခြားသံရုံးသို့ ဆက်သွယ်အကြောင်းကြားနိုင်ရေး ကြပ်မတ်ဆောင်ရွက်ခြင်း၊

(ခ) သက်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ ကူညီစုံစမ်းကယ်တင်ပေးရန် အကူအညီတောင်းခံသည့် နိုင်ငံခြားသားများ ဆောလျင်စွာစိစစ်ဖော်ထုတ်နိုင်ရန် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးအဖွဲ့များပူးပေါင်းပါဝင်သည့် အထူးအဖွဲ့ဖြင့် တာဝန်ပေးဖော်ထုတ်စေရေး ကြပ်မတ်ဆောင်ရွက်ခြင်း၊

(ဂ) သက်ဆိုင်ရာ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများမှ အလိုရှိကြောင်း ကြေညာထားသည့် နိုင်ငံခြားသားတရားခံပြေးများ မြန်မာနိုင်ငံအတွင်းရောက်ရှိလာပါက အမြန်ဆုံးဖမ်းဆီးရမိရေးနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်းပေးပို့နိုင်ရေး ကြပ်မတ်ဆောင်ရွက်ခြင်း၊

(ဃ) ဖော်ထုတ်ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား ပြည်နှင်လွှဲပြောင်းမှုမပြုမီ မြန်မာနိုင်ငံအတွင်း အခြားပြစ်မှုများ ကျူးလွန်ထားမှုရှိ/ မရှိ စိစစ်ခြင်း၊

(င) ဖမ်းဆီးရမိသော နိုင်ငံခြားသားများအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ရာ၌ မည်ကဲ့သို့ ဆက်သွယ်၊ ဝင်ရောက်၊ နေထိုင်၍ လုပ်ငန်းဆောင်ရွက်ခဲ့သည်များ အသေးစိတ်စိစစ်ခြင်း၊

(စ) မြန်မာနိုင်ငံအတွင်း အကြောင်းအမျိုးမျိုးကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံခြားသံရုံးများ၊ တရားဥပဒေစိုးမိုးရေးအဖွဲ့များမှ အကြောင်းကြားထားသည့် အမည်စာရင်းတို့ဖြင့် တိုက်ဆိုင်စိစစ်နိုင်ရေး ကြပ်မတ်ဆောင်ရွက်ခြင်း၊

(ဆ) ပြစ်ဒဏ်မှလွတ်ငြိမ်းသက်သာခွင့်၊ ပြည်နှင်ဒဏ်ချမှတ်ပေးပြီးဖြစ်သည့် နိုင်ငံခြားသားများနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင်ဒဏ်ပေးရာတွင် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဇ) မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာမှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ ပြည်နှင်လွှဲပြောင်းပြီးပါက မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေးအက်ဥပဒေနှင့်အညီ အမည်မည်းစာရင်း ရေးသွင်းဆောင်ရွက်ခြင်း၊

(ဈ) ကော်မတီအနေဖြင့် လိုအပ်ပါက လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်း။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ